
mgyoe.com

# ပျဉ်းမနားကဗျာ

## ပျဉ်းမနားအခြေစိုက်ကဗျာဆရာအချို့၏ကဗျာများစုစည်းမှု

မင်းဆွေနှစ်
စုစည်းစီစဉ်သည်။



mgyoe.com

mgyoe.com

ကဗျာရေစီးကတော့ ပြောင်းနေပါပြီ။ အဟောင်းနဲ့အသစ် ပဋိပက္ခဖြစ်ရင်း နောက်ထပ်အသစ်တွေ ပေါ်လာစမြဲ။ တကယ်တော့ အချိန်ဟာ သမာသမတ်ကျတဲ့ တရားသူကြီးပါပဲ။ ဘယ်အရာမဆို (နိုင်ငံရေး၊ စီးပွားရေး အစရှိသဖြင့်) အချိန်က စကားပြောသွားတာပါပဲ။ မြို့အလိုက် ကဗျာဆရာတွေဟာ အုံနဲ့ကျင်းနဲ့ ရေးဖွဲ့ကြတာ အားရစရာပါပဲ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပျဉ်းမနားလာတုန်းက ၁၉၅၀ နောက်ပိုင်း ပြောခဲ့တဲ့စကားကို ပြန်ပြောရမယ်ဆိုရင် ''မင်းတို့ပျဉ်းမနားက ကျွန်းသစ်ကီစ္စကြောင့် နယ်ချဲ့အင်္ဂလိပ်က မြန်မာနိုင်ငံကို ရန်စပြီး (အကြောင်းပြပြီး) သိမ်းပိုက်ခဲ့တယ်။ ပြည်တွင်းစစ်ဖြစ်တာလည်း မင်းတို့ ပျဉ်းမနားက စခဲ့တာပဲ။ ဒါကြောင့် ပျဉ်းမနားက ငြိမ်းချမ်းရအောင် စပြီးတော့ ဆောင်ရွက်ကြပါ''လို့ ပြောခဲ့တယ်။

mgyoe.com

POEM0083

2,200.00 KS

mgyoe.com

ပွဲဦးမနားကဗျာ၊ မင်းဆွေနှစ်စုစည်းစီစဉ်သည်။
မျက်နှာဖုံးပန်းချီ - T.T.S
စာမျက်နှာ ၁၃၀+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးဝင်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပျဉ်းမနားကဗျာ

[ပျဉ်းမနားအခြေစိုက်ကဗျာဆရာအချို့၏ ကဗျာများစုစည်းမှု]

မင်းဆွေနှစ်
စုစည်းစီစဉ်သည်။

ပထမအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


| | | | |
|---|---|---|---|
| ※ | မောင်သင်းခိုင်၏အမှာ | | က |
| ၁။ | အော်သံ | မောင်သင်းခိုင် | ၁ |
| ၂။ | အစိမ်း | မောင်သင်းခိုင် | ၃ |
| ၃။ | ရောဝတီ | မောင်သင်းခိုင် | ၅ |
| ၄။ | သူတော်စင်ကြယ်ပွင့် | မောင်ကြူးရင့် | ၆ |
| ၅။ | ပြန်ပေးဆွဲခံရတဲ့နှစ်များ | မောင်ကြူးရင့် | ၉ |
| ၆။ | ငါတို့ခေတ်ကဗျာဆရာ | မောင်ကြူးရင့် | ၁၂ |
| ၇။ | ဗျူဟသဿပရိယာယ် | ဇော်ဝင်းကို | ၁၅ |
| ၈။ | အနာဂတ်ရဲ့ပြက်လုံးများ | ဇော်ဝင်းကို | ၁၆ |
| ၉။ | ဒုလ္လဘ | ဇော်ဝင်းကို | ၁၉ |
| ၁၀။ | လှိုင်သာယာညနေခင်း | မောင်သစ်ကြည် | ၂၀ |
| ၁၁။ | ကွန်ဆက်ချူရယ်ကဗျာ | မောင်သစ်ကြည် | ၂၂ |
| ၁၂။ | ပပ်ကြားအက်ထဲက လေချွန်သံ | မောင်သစ်ကြည် | ၂၄ |
| ၁၃။ | ကျောင်းတက်ခွင့် | မိုးကျော်အောင် | ၂၆ |
| ၁၄။ | ဟိုက္ကူသို့ | မိုးကျော်အောင် | ၂၇ |
| ၁၅။ | အမတာမြစ် | မိုးကျော်အောင် | ၂၈ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ ပြန်လျော့ရမယ့်အသံများ | လှိုင်းထက် | ၂၉ |
| ၁၇။ ကနေ့ ...ခရီး | လှိုင်းထက် | ၃၀ |
| ၁၈။ နဲ့ | လှိုင်းထက် | ၃၂ |
| ၁၉။ ငြိမ်းချမ်းရေး | ဝင်းမင်းခိုင် | ၃၄ |
| ၂၀။ သမိုင်းနဲ့မြစ် | ဝင်းမင်းခိုင် | ၃၅ |
| ၂၁။ မတ်လ၂၁ရက်မှာ ရေးတဲ့ကဗျာ | ဝင်းမင်းခိုင် | ၃၆ |
| ၂၂။ ပသိမ်မြို့ | သွေးဦး | ၃၈ |
| ၂၃။ နန်းခမ်းရွာ | သွေးဦး | ၄၀ |
| ၂၄။ သံသရာအမြန်ယာဉ် | သွေးဦး | ၄၂ |
| ၂၅။ မှန်ကြောင် | မောင်သော်တာ | ၄၃ |
| ၂၆။ သော့နဲ့သော့ခလောက် | မောင်သော်တာ | ၄၅ |
| ၂၇။ ဘုရင်ပုံပါတဲ့ဖဲချပ် | မောင်သော်တာ | ၄၇ |
| ၂၈။ ဘုရားကျောင်းတွေရဲ့ မမြင်နိုင်တဲ့အနုပညာ | နေရှိုင်း | ၄၉ |
| ၂၉။ မင်းနဲ့ငါပျားရည်မြစ်ထဲလက်ပစ်ကူးရအောင် | နေရှိုင်း | ၅၀ |
| ၃၀။ လှမ်းမျှော်ကြည့်မိတယ် | နေရှိုင်း | ၅၂ |
| ၃၁။ စနေနေ့အကြောင်းအက်ဆေး | အိုအောင် | ၅၄ |
| ၃၂။ ဆောင်းဦးပေါက် | အိုအောင် | ၅၆ |
| ၃၃။ လွမ်းသော ရေပူပူစမ်း | အိုအောင် | ၅၇ |
| ၃၄။ ကားမထွက်မှ နှစ်နာရီအလို | မောင်ရှင်စော | ၅၈ |
| ၃၅။ ကေတီဗွီ | မောင်ရှင်စော | ၆၀ |
| ၃၆။ စာချုပ်ဖောက်ဖျက်ခြင်း | မောင်ရှင်စော | ၆၂ |
| ၃၇။ ပလွေသံ | မောင်ထင်သစ် | ၆၄ |
| ၃၈။ အလွမ်းဇာတ် | မောင်ထင်သစ် | ၆၅ |
| ၃၉။ ရွက်လှေ | မောင်ထင်သစ် | ၆၆ |
| ၄၀။ လမ်းဟောင်းလေးပေါ်မှာ | အောင်နှင်းသစ် | ၆၇ |
| ၄၁။ အော့လာပြောတာ | အောင်နှင်းသစ် | ၆၉ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၄၂။ ခေတ်နံ့ရုံထက်မှာ | အောင်နှင်းသစ် | ၇၀ |
| ၄၃။ မြို့ခွေး-၄ | ဇော်ထိန် | ၇၁ |
| ၄၄။ မြို့ခွေး-၅ | ဇော်ထိန် | ၇၃ |
| ၄၅။ မြို့ခွေး-၁၀ | ဇော်ထိန် | ၇၆ |
| ၄၆။ လွှမ်းမိတယ် | ညီဗလ | ၇၈ |
| ၄၇။ လူမသိသူမသိလမ်း | ညီဗလ | ၇၉ |
| ၄၈။ အချစ် | ညီဗလ | ၈၀ |
| ၄၉။ ဆောင်းမီးဖို | စီးသစ်နွယ် | ၈၂ |
| ၅၀။ လင်မရှိတဲ့ အိမ် | စီးသစ်နွယ် | ၈၃ |
| ၅၁။ မိသားစု | စီးသစ်နွယ် | ၈၄ |
| ၅၂။ စစ်အေးတိုက်ပွဲဟာ ဘဝတစ်ခုဖြစ်လာပြီးနောက် | မျိုးတေဇာအောင် | ၈၅ |
| ၅၃။ အယုဒ္ဓယ | မျိုးတေဇာအောင် | ၈၆ |
| ၅၄။ ဒီမှတ်စုစာအုပ်မှာ ရေးသားခြင်းဖြင့် မြေခွေးကို သင်ကယ်တင်နိုင်ပါလိမ့်မယ် | မျိုးတေဇာအောင် | ၈၇ |
| ၅၅။ သိုင်းရှူး နဲ့ နင်ဂျာရှူး | အိမ်မြဲ | ၈၈ |
| ၅၆။ မြွေ | အိမ်မြဲ | ၉၁ |
| ၅၇။ ကြွက်သတ်ဆေးကြော်ငြာ | အိမ်မြဲ | ၉၃ |
| ၅၈။ နေ့သစ်တေး | ချောဘသစ် | ၉၅ |
| ၅၉။ ဘဝ | ချောဘသစ် | ၉၆ |
| ၆၀။ ရှာဖွေသူ | ချောဘသစ် | ၉၇ |
| ၆၁။ စျေးတန်း | ကျော်သက်လွင် | ၉၈ |
| ၆၂။ ၃၆၀ | ကျော်သက်လွင် | ၉၉ |
| ၆၃။ ကိုးဆယ့်ရှစ် | ကျော်သက်လွင် | ၁၀၀ |
| ၆၄။ ရယ်သံတောအုပ် | ဆောင်းချစ်ငြိမ် | ၁၀၁ |
| ၆၅။ ပင်လယ် | ဆောင်းချစ်ငြိမ် | ၁၀၂ |
| ၆၆။ ထိုအရာ | ဆောင်းချစ်ငြိမ် | ၁၀၄ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၆၇။ | ဂိတ်စောင့်ညများ | ဟံသာဇုံ | ၁၀၅ |
| ၆၈။ | လူနာများ | ဟံသာဇုံ | ၁၀၆ |
| ၆၉။ | တောဘုတ္တာ | ဟံသာဇုံ | ၁၀၇ |
| ၇၀။ | ရေအိုးစင် | ကျော်လှိုင် | ၁၀၈ |
| ၇၁။ | အဖုံးတွင်းကံစမ်းမဲပါသည် | ကျော်လှိုင် | ၁၀၉ |
| ၇၂။ | မျှစ်များ | ကျော်လှိုင် | ၁၁၀ |
| ၇၃။ | ထနောင်းပင် | ကျော်ဇံလှ(ကလေး၀) | ၁၁၁ |
| ၇၄။ | ရွက်ကြွေတော | ကျော်ဇံလှ(ကလေး၀) | ၁၁၂ |
| ၇၅။ | ရွာအပြန် | ကျော်ဇံလှ(ကလေး၀) | ၁၁၃ |
| ၇၆။ | အလွဲအငွေ့ | အုပ်မိုး | ၁၁၄ |
| ၇၇။ | ကြွက်သိုက် | အုပ်မိုး | ၁၁၅ |
| ၇၈။ | သူငယ်ချင်းမျက်နှာ | အုပ်မိုး | ၁၁၆ |
| ၇၉။ | ငါတို့က ငါးတွေဆိုတော့ ရေကိုမမြင်ကြဘူး | လှိုင်ကိုဦး | ၁၁၇ |
| ၈၀။ | အမှန်တရားကို သွေးလိုစုပ်ဖို့ ကျုပ်တို့ခြင်တွေလာဘီ | လှိုင်ကိုဦး | ၁၁၉ |
| ၈၁။ | ကော်ဖီနံ့နက်ခင်း | လှိုင်ကိုဦး | ၁၂၂ |
| ၈၂။ | အင်ပရက်ရှင်းနစ်“မိုး” | သစ်ခါး | ၁၂၃ |
| ၈၃။ | ဒီဓာတ်ပုံကို ရိုက်ဖို့ စောင့်နေတာ လေးနှစ်ရှိသွားပေါ့ | သစ်ခါး | ၁၂၄ |
| ၈၄။ | #ပြပွဲ(အပိုင်းအစ) | သစ်ခါး | ၁၂၆ |
| ၈၅။ | မြစ်သတင်း | ကိုရွှေလင်း | ၁၂၇ |
| ၈၆။ | လွန်လေပြီးသော နှစ် နှစ်ဆယ် | ကိုရွှေလင်း | ၁၂၈ |
| ၈၇။ | ဒီဂျစ်တယ်ကဖေးဆိုင် | ကိုရွှေလင်း | ၁၂၉ |
| ၈၈။ | ရှင်းပြခြင်းဒုက္ခ | ကိုဂစ် | ၁၃၀ |




mgyoe.com

mgyoe.com

## မောင်သင်းခိုင်၏အမှာ

ကဗျာရေစီးကတော့ ပြောင်းနေပါပြီ။ အဟောင်းနဲ့အသစ် ပဋိပက္ခ ဖြစ်ရင်း နောက်ထပ်အသစ်တွေ ပေါ်လာစမြဲ။ တကယ်တော့ အချိန်ဟာ သမာသမတ်ကျတဲ့ တရားသူကြီးပါပဲ။ ဘယ်အရာမဆို (နိုင်ငံရေး၊ စီးပွားရေး အစရှိသဖြင့်) အချိန်က စကားပြောသွားတာပါပဲ။ မြို့အလိုက် ကဗျာဆရာတွေဟာ အုံနဲ့ကျင်းနဲ့ ရေးဖွဲ့ကြတာ အားရစရာပါပဲ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပျဉ်းမနားလာတုန်းက ၁၉၅၀ နောက်ပိုင်း ပြောခဲ့တဲ့စကားကို ပြန်ပြောရမယ်ဆိုရင် ''မင်းတို့ပျဉ်းမနားက ကျွန်းသစ်ကိစ္စကြောင့် နယ်ချဲ့အင်္ဂလိပ်က မြန်မာနိုင်ငံကို ရန်စပြီး (အကြောင်းပြပြီး) သိမ်းပိုက်ခဲ့တယ်။ ပြည်တွင်းစစ်ဖြစ်တာလည်း မင်းတို့ ပျဉ်းမနားက စခဲ့တာပဲ။ ဒါကြောင့် ပျဉ်းမနားက ငြိမ်းချမ်းရအောင် စပြီးတော့ ဆောင်ရွက်ကြပါ''လို့ ပြောခဲ့တယ်။

ဒါကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းစကားအရ အားလုံး ငြိမ်းချမ်းရေးရအောင် လုပ်ဆောင်နေတာပါပဲ။ ငြိမ်းချမ်းရေးဆိုတဲ့စကားဟာ (ပျဉ်းမနားတစ်မြို့တည်းနဲ့ဆိုတာထက်) တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်နေပါတယ်။ ကဗျာဆရာတွေကတော့ တာဝန်ကျေပါတယ်။ ငြိမ်းချမ်းရေးအတွက် ''ကဗျာ''တွေ----------

မောင်သင်းခိုင်

၂၅-၃-၂၀၁၉။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အော်သံ *၁

ကျွန်တော် အော်သံကိုကြားဖူးသလို
ကျွန်တော်ကိုယ်တိုင် အော်ဖူးတယ်
ဒေါသချော်ရည် ပွက်ပွက်ဆူတိုင်း
စိတ်မွန်းကျပ် အိပ်မပျော်ညတိုင်း
အသံကုန်ခြစ်ညှစ်ပြီး ကျွန်တော်အော်တယ်
အော်လွန်းလို့ အော်ရင်း ... အော်ရင်း
ကျွန်တော်ကိုယ်တိုင် အော်သံဖြစ်သွားတော့တယ်
ခင်ဗျားလည်း အော်သံကိုမြင်ဖူး ကြားဖူးပြီး
ကျွန်တော့်လိုကော အော်ဖူးရဲ့လား
မအော်ဖူးသေးရင်တော့ အော်သာအော်လိုက်
ခက်နေပြီ ... ရှက်စရာမှ မဟုတ်ဘဲဗျာ
လုလုပပကြီးကို အော်ပစ်လိုက်စမ်းပါ
ဝမ်းနုတ်ဆေးစားပြီး ပေါ့သွားသွားသလိုမျိုး
ခင်ဗျားပေါ့ပါးသွားမှာ သေချာပါတယ်
အော်လိုက်ပါ ... အော်လိုက်ပါ ... အော်လိုက်ပါ
သောင်းတိုင်က ကြားသလေလေ့ဆိုတာ

*၁။ ပန်းချီဆရာ (Edvard Munch) မန့်ခ်ရဲ့ (The Scream) အော်သံ ပန်းချီကား။

mgyoe.com

mgyoe.com


Out သွားပြီ ကလီရှေးဖြစ်သွားပြီ
စကြဝဠာက ကြားသလေလေ့ဖြစ်သွားအောင်
အော်လိုက် ... အော်လိုက်ပါ ... အော်လိုက်ပါ
အော်သံကြားရင် မျက်လုံးလှည်းဘီးလောက်ပြူးကျယ်
အော်သံကြားရင် စိတ်ဖရိုဖရဲ ကစဥ့်ကလျားဖြစ်
အော်သံကြားရင် ပုရွက်ဆိတ်တွင်းရှာလိုရှာ
အော်သံကြောက်ရောဂါရှင် အကြမ်းဖက်သမားတစ်စု
အော်သံကိုသင်းကွပ်ဖို့ ဖြောင်ပစ် ရှင်းပြစ်ဖို့
အော်သံ*၂ကို လုယူသွားကြတယ်
အော်သံတွေ တိတ်သွားပြီလား
အော်သံတွေ တိတ်သွားပြီလား
အော်သံတွေ တိတ်သွားပြီလား
အော်သံတွေ မတိတ်သေးပါဘူး
အော်သံတွေ မတိတ်သေးပါဘူး
အော်သံတွေ မတိတ်သေးပါဘူး
ကျွန်တော့်မှာ အော်သံ ရှိနေသေးတယ်
အော်လိုက်မယ်
အော်လိုက်မယ်
အော်လိုက်မယ် ...။

မောင်သင်းခိုင်

---

*၂ ၂၀၀၄၊ ဩဂုတ်လ၊ ၂၂ ရက်နေ့က နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ မန့်ခ် ပန်းချီပြတိုက်ထဲက "အော်သံ" ပန်းချီကားအပါအဝင် ပန်းချီကားအချို့ကို သေနတ်ကိုင် လူဆိုးများ လုယက်သွားကြတယ်။

mgyoe.com

mgyoe.com


## အစိမ်း

အိုင်ယာလန်အစိမ်းကို
ငါချစ်တယ်
ရှေးမာစ်ဟေးနီလည်း ချစ်ခဲ့တာပဲ။
'ရှားဝု'သစ်တောထဲက
'ရော်ဘင်ဟု'ကိုလည်း
ငါချစ်တယ်။
ငါ့မျက်လုံးတွေဟာ
အစိမ်းကို
ဆာလောင်မွတ်သိပ်ခဲ့ဖူးတယ်။
ငါ့မျက်လုံးတွေထဲမှာ
အိုအေစစ်တစ်ခု
ရှိနေဖို့တော့ လိုအပ်တယ်။
အစိမ်းကို ငတ်ခဲ့တဲ့
ငါ့မျက်လုံးများ
နံရံဖြူဖြူတွေနဲ့ ရန်ဖြစ်
အဲဒီကစပြီး
နှင်းဆီရင် တူးတူးခါးခါးမုန်း
ဒါပေမယ့်---
ကားလ်ဆင်းဘတ်နှင်းကိုတော့
ငါချစ်နေသေးတယ်။ ။

mgyoe.com

mgyoe.com


ပါရီညရဲ့
ကဖေးဆိုင်တွေထဲမှာ
နှင်းထုထဲက
ချမ်းနေတဲ့ဓာတ်မီးတိုင်တွေအောက်မှာ
ပေါင်မုန့်နဲ့ဘဝကို
ပစ္စည်းချင်းဖလှယ်နေရတဲ့
မိန်းမသားတွေရဲ့ နှုတ်ခမ်း
ကြည့်စမ်း
အစိမ်း---အစိမ်း
ထူပိန်းပိန်း အစိမ်းတွေကို
ငါစာနာလို့မဆုံးဘူး။
အချစ်ရယ်
ရိုးမစိမ်းစိမ်း
ပျဉ်းမနားအစိမ်းတွေထဲမှာ
ခုဆိုရင်
စူဠသုဘဒ္ဒါ
မုန်းတဲ့
ပန်းတွေဝေနေပြီပေါ့။ ။

**မောင်သင်းခိုင်**

ရတနာသစ်မဂ္ဂဇင်း၊
ဒီဇင်ဘာ၊ ၁၉၉၃။

mgyoe.com

# ဇေရာဝတီ

လူ့ခေတ်တွေ ဘယ်လိုပြောင်းပေမယ့်
နိုင်းမြစ်ကတော့စီးမြဲပင်တဲ့ ...
ဟုတ်ကဲ့ ... ကျုပ်တို့ရဲ့ဧရာဝတီလဲ
ထိုနည်းလည်းကောင်းပါပဲ။ ။
ကျုပ်တို့တိုင်းပြည်နဲ့ ဧရာဝတီ
ကျုပ်တို့တိုင်းရင်းသားတွေနဲ့ ဧရာဝတီ
ကျုပ်တို့တစ်မျိုးသားလုံးနဲ့ ဧရာဝတီဟာ
ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ စကားနဲ့ပြောရရင်
စွယ်တော်ရွက်ပမာ နှစ်လွှာပေါင်းမှတစ်ရွက်
ရင်ချင်းဆက်အမြွှာလို ခွဲခြားလို့မရ
ဘိုးဘွားအမွေအနှစ်စစ်စစ်ကြီးပ။ ။
အတိတ်ကာလတွေကလည်း ဧရာဝတီဟာ
မိဘနဲ့တစ်တန်းတည်းထားရတဲ့ ကျုပ်တို့ရဲ့ကျေးဇူးရှင်
ပစ္စုပ္ပန်ကာလမှာလဲ မိဘနဲ့တူတဲ့ကျေးဇူးရှင်
အနာဂတ် လူ့အနွယ်မျိုးဆက် တည်တံ့နေသရွေ့ ကျေးဇူးရှင်
ကုန်ကုန်ပြောလိုက်မယ် မိဘနဲ့တူတဲ့ကျေးဇူးရှင်ကို
ကျေးမစွပ်နဲ့ ကျေးဇူးမကန်းနဲ့
(ကာယကံ ဝစီကံနဲ့မဆိုထားနဲ့ မနောကံ)
စိတ်နဲ့တောင် မပြစ်မှားအပ်ဘူး။ ။
ဧရာဝတီကို ပြစ်မှားသူများ
နောင်ပွင့်တော်မူမယ့် "အရိမေတ္တယျဘုရား"
အဖူးရစေ။ ။

မောင်သင်းခိုင်
၂၅-၈-၂၀၁၁။

mgyoe.com


## သူတော်စင်ကြယ်ပွင့်

ကြယ်ပွင့်ဂျိမ်း(စ)ဒင်းကို
တစ်ကမ္ဘာလုံးက ငေးကြည့်ရသလို
ငါတို့အားလုံး ချေငွေဗားရားကို
ငေးကြည့်ခဲ့ရ။
ဘုရားကျောင်းက ခေါင်းလောင်းသံတွေ ဝေစည်ဖို့
နှောဇင့်ကိုတေးသံတွေဝဲပျံ့ဖို့
ပန်းပွင့်တွေ ကြယ်ပွင့်တွေ ကခုန်ဖို့
ကမ္ဘာသစ်ကို ပခုံးပေါ်ထမ်းတင်ဖို့
သစ်တောတွေကို သူ့ရင်ဘတ်ထဲ ပစ်သွင်းခဲ့
သေရှင်နဲ့ ရှင်ခြင်းကို ဘုရားသခင်ထံ ပေးလှူခဲ့
ရှေ့တစ်လှမ်းအတွက် နောက်နှစ်လှမ်း ဘယ်တော့မှမဆုတ်ခဲ့။

သူ့နိုင်ငံက မြေကြီးကို ချစ်စိတ်နဲ့ နမ်းသလို
တခြားနိုင်ငံက မြေကြီးကိုလည်း ချစ်စိတ်နဲ့နမ်းခဲ့
တစ်ကမ္ဘာလုံးက မြေကြီးကိုလည်း ချစ်စိတ်နဲ့နမ်းခဲ့
ဒါကို ကမ္ဘာသိအောင် သမိုင်းကို သွေးနဲ့ရေးခဲ့
နိုင်ငံမရွေး ဝါဒမရွေး လူမျိုးမရွေး
လူသားအားလုံးရဲ့ ချစ်ခြင်းကို ရခဲ့
သူဟာ ကဗျာဆရာကြီး နရူဒါကို ချစ်သလို
သူကိုယ်တိုင် ကဗျာဆရာဖြစ်ခဲ့
၂၀ ရာစုရဲ့ ခမ်းနားတဲ့ မိုးကောင်းကင်ထဲမှာ
အတောက်ပဆုံး ကြယ်ပွင့်ဖြစ်ခဲ့။

mgyoe.com

mgyoe.com

မာရာဒိုနာရဲ့ ဘုရားပေးတဲ့လက်ပေါ်မှာ
ချေဂွေဗားရား ရှိတယ်
အာရှလူငယ်တစ်ဦး ဂျာမနီရောက်တဲ့အခါ
သူ့လက်မောင်းအိုး အသားနုနုပေါ်က
ချေရဲ့ ဆေးမင်ရုပ်ပုံကို မြင်တော့
'ဟော့... ချေလာပြီ... ချေလာပြီ'လို့
နိုင်ငံစုံက လူငယ်တွေက
လက်ခုပ်တီး ဩဘာပေးကြ
လူငယ်တွေရဲ့ရင်ထဲမှာ ချေရှိတယ်။

mgyoe.com

၂၀ ရာစုထဲမှာ အဲဒီလို စင်စင်ကြယ်ကြယ်နဲ့
အချစ်ခံရတဲ့ အခွင့်အရေးမျိုး
ဘယ်သူပိုင်ဆိုင်ခဲ့ဖူးပါသလဲ
ကမ္ဘာမှာ တံတိုင်းတွေ ရုပ်တုတွေ
အလဲလဲ အပြိုပြို ဖြစ်နေချိန်မှာ
၂၃ တန်ရှိတဲ့ ချေရဲရုပ်တုကို
ကျူးဘားမှာ စိုက်ထူကြ။
၂၀ ရာစုကို သမင်လည်ပြန်ကြည့်တဲ့အခါ
အမှန်တရား ရှက်လှေ့ပေါ်မှာ
လူသားမေတ္တာပန်းခြင်းကို သယ်ဆောင်လာသူ
နိုင်ငံမရွေး လူသားအားလုံးကို ချစ်ခဲ့သူ
အဆုံးစွန် ပေးဆပ်စွန့်လွှတ်ခဲ့သူ
ခေတ်သစ်ရဲ့ သူတော်စင်ဖြစ်ခဲ့သူ
လူသားအားလုံး သူ့ကို ဂုဏ်ပြုဖို့
ဆယ်စုနှစ်တွေကြာအောင် စောင့်ခဲ့ရ
တစ်ကမ္ဘာလုံးက
တီရှပ်တွေပေါ်မှာ
"It is better to die standing
Than to live on your Knees"
(8th, October ချေဂွေဗားရား ဆုံးတဲ့ နှစ် ၄၀ အမှတ်တရ)

**မောင်ကြူးရင့်**

ဖူးငုံ ဆယ်ကျော်သက်မဂ္ဂဇင်း၊
ဖေဖော်ဝါရီ၊ ၂၀၀၈။

mgyoe.com

mgyoe.com


## ပြန်ပေးဆွဲခံရတဲ့နှစ်များ

ကမ္ဘာကျော် ဆိုမာလီ ပင်လယ်ဓားပြတွေက
သင်္ဘောတွေကို ကြမ်းကြမ်းရမ်းရမ်း ပြန်ပေးဆွဲသလို
၁၉၆၂ ခုနှစ်မှာ "နိုင်ငံတော်"ပြန်ပေးဆွဲခံရတယ်
အဲဒီအချိန်ကစပြီး အရောင်အသွေးစုံစုံ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့
ပက်ပက်စက်စက်ကြီးကို ပြန်ပေးဆွဲမှုတွေ စတော့တာပဲ
စက်ရုံတွေ၊ အလုပ်ရုံတွေ၊ ကုန်ပဒေသာဆိုင်တွေ၊ ကုန်တိုက်တွေ
လျှပ်စစ်ဆိုင်တွေ၊ သံဆိုင်တွေ၊ အထည်ဆိုင်တွေ၊ ဖိနပ်ဆိုင်တွေ
ဆိုင်တွေ၊ ဆိုင်တွေ၊ ဆိုင်တွေ ပြန်ပေးဆွဲခံရတယ်
ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦနဲ့
ကျောင်းသားတွေရဲ့ အသက်ဝိညာဉ်တွေ ပြန်ပေးဆွဲခံရတယ်
ခြေလွန်လက်လွန်ဖြစ်တာမို့ ပြန်ရွေးလို့မရတော့ဘူး
ပြည်တွင်းငြိမ်းချမ်းရေးအပျက် ပြည်တွင်းစစ်မီးတောက်ထဲ
ကဗျာဆရာတွေ၊ စာရေးဆရာတွေ၊ ငြိမ်းချမ်းရေးရဲ့
ဘက်တော်သားတွေ ပြန်ပေးဆွဲခံခဲ့ရတယ်
ငါ့ကိုလည်း ၁၉၆၅ က ၁၉၆၉ ထိ မန္တလေး
နန်းတွင်းအကျဉ်းထောင် လေးထောင့်သေတ္တာထဲ
အမှိုက်အိတ်တစ်အိတ်လို ဆောင့်ကန်ရိုက်နှက်
ထိုးကြိတ်ပစ်ထည့်တာ ခံခဲ့ရတယ်
အဲဒီနောက် ဂုဏ်သရေရှိလူကြီးမင်း ဦးသန့်အလောင်းနဲ့
တက္ကသိုလ်ကျောင်းသားတွေ ပြန်ပေးဆွဲခံခဲ့ရတယ်

mgyoe.com

mgyoe.com


ငါ့ကိုလည်း ၁၉၆၉ က ၁၉၇၂ ထိ ကြက်ကလေး၊ ငှက်ကလေး
ဖမ်းသလို ပြန်ပေးဆွဲခံခဲ့ရတယ်
၁၉၇၆ ရခိုင်မှာ ဆန်အိတ်တွေနဲ့ လူထုရဲ့အသက်
ဝိညာဉ်တွေ ပြန်ပေးဆွဲခံခဲ့ရတယ်
အဲဒီနောက် အဘွားအိုရဲ့ တွယ်ချိတ်နဲ့ ချိတ်ထားတဲ့
ရှင်မီးအင်္ကျီ အိတ်ကပ်ထဲကငွေတွေ လယ်သမားရဲ့
ဖျာအောက်ကငွေတွေ၊ ကျောင်းသားရဲ့အိတ်ကပ်ထဲက
ငွေတွေ၊ မြို့နေလူထုရဲ့ သေတ္တာထဲကငွေတွေ
ပြန်ပေးဆွဲခံခဲ့ရတယ်
၁၉၈၈ အရေးအခင်းမှာတော့ လမ်းမပေါ်က
သွေးစက်တွေ၊ အသက်ဝိညာဉ်တွေ ပြန်ပေးဆွဲခံခဲ့ရတယ်
လူထုရဲ့ပါးစပ်ထဲ ရောက်လုဆဲဆဲ ထမင်းလုတ်ကလေးတွေ
ပြန်ပေးဆွဲခံခဲ့ရတယ်
စိမ်းစိမ်းစိုစိုသစ်တောတွေ သစ်ပင်တွေ ပြန်ပေးဆွဲခံခဲ့ရတယ်
လရောင်အောက်မှာ အိပ်နေရင် မာရီလင်မွန်ရိုးလို
လှပတဲ့တောင်တွေ ပြန်ပေးဆွဲခံခဲ့ရတယ်
လယ်သမားရဲ့ ချွေးတွေနဲ့ စိုရွှဲနေတဲ့လယ်ကွင်းတွေ
ပြန်ပေးဆွဲခံခဲ့ရတယ်
စားရမဲ့သောက်ရမဲ့ လမ်းပေါ်က ကလေးတွေရဲ့
ဘဝတွေ ပြန်ပေးဆွဲခံခဲ့ရတယ်
ရေလုပ်သားတွေရဲ့ ချောင်းတွေ၊ မြောင်းတွေ၊ အင်းတွေ
အိုင်တွေ ပြန်ပေးဆွဲခံခဲ့ရတယ်
မဖူမလုံ မလောက်မင အလုပ်သမားတွေရဲ့ အချိန်တွေ
ဘဝတွေ ပြန်ပေးဆွဲခံခဲ့ရတယ်
စစ်မီးတောက်ထဲ အရွယ်မရောက်သေးတဲ့ ကလေးတွေ
ပြန်ပေးဆွဲခံခဲ့ရတယ်

mgyoe.com

mgyoe.com


ရုပ်ရှင်ပိတ်ကားပေါ်က အရုပ်တွေ ပြန်ပေးဆွဲခံခဲ့ရတယ်
လေထဲက သီချင်းတွေ အသံတွေ ပြန်ပေးဆွဲခံခဲ့ရတယ်
စာမျက်နှာပေါ်က နာမည်တွေ ပြန်ပေးဆွဲခံခဲ့ရတယ်
ရိုးရာသကြ်န်သံချပ်တွေ ပြန်ပေးဆွဲခံခဲ့ရတယ်
ငါ့မိတ်ဆွေ အင်္ဂလန်နိုင်ငံ ကောင်းကင်ရပ်ကွက်က
ပန်းချီဆရာနဲ့ အမှန်တရားဘက်တော်သားတွေတောင်
နိုင်ငံတော်ဖည့်ဂေဟာမှာ ပြန်ပေးဆွဲခံခဲ့ရတယ်
ကမ္ဘာတစ်ဝှမ်းက ပြန်ပေးဆွဲမှုတွေ ရပ်တန့်အောင်
ငါမသေခင် ဒီကဗျာကို ငါရေးခဲ့တယ်။

မောင်ကြူးရင့်
၈-၄-၂၀၁၃။

Beauty မဂ္ဂဇင်း၊
ဇူလိုင်၊ ၂၀၁၃။

mgyoe.com

mgyoe.com


## ငါတို့ခေတ်ကဗျာဆရာ

ကဗျာဆရာ မောင်သင်းခိုင်
ဆေးရုံကဆင်း
အိမ်မှာတွေ့ရတော့
ငါတို့ခေတ်ကဗျာဆရာတွေကို
သတိရတယ်

ငါတို့ခေတ်ကဗျာဆရာတွေဟာ
ရန်သူနဲ့ သူသေကိုယ်ရှင်
ကိုယ်ရှင်သူသေ စစ်မျက်နှာဖွင့်
တိုက်ပွဲဝင်ခဲ့ရသူချည့်ပဲ

ငါတို့ခေတ်ကဗျာဆရာဆိုတာ
ကိုကိုးကျွန်း
သဲပူပေါ်ပစ်တင်ခံရတဲ့ငါးတကောင်
ဒါမှမဟုတ်
အကျဉ်းထောင်ထဲက
အပြာရောင်အင်္ကျီကြမ်းတထည်

ငါတို့ခေတ်ကဗျာဆရာဆိုတာ
မြေအောက်ဝရမ်းပြေး
ဒါမှမဟုတ်
အဝေးရောက်ကြယ်

mgyoe.com

mgyoe.com


ငါတို့ခေတ်ကဗျာဆရာဆိုတာ
နွေတညှ
တတောလုံးကြွေ
ရွှေရောင်တောင်ကုန်းမမြင်ရ
ဘဝတွေချည့်ပဲ

ငါတို့ခေတ်ကဗျာဆရာဆိုတာ
လွှတ်တော်ခန်းမထဲက
တဖိတ်ဖိတ်လက်နေတဲ့
ကြမ်းခင်းတွေလို
မချောမွေ့ဘူး
ပေပေတေတေ
လေလေလွင့်လွင့်
နေခဲ့ရသူချည့်ပဲ

ငါတို့ခေတ်ကဗျာဆရာတွေဆိုတာ
လူခြေတိတ်ညသန်းခေါင်
လက်ကြိုးတုပ်စက်လှေပေါ်တင်
မြစ်လယ်မှာကန်ချစက်ကုန်ဖွင့်မောင်း
ရေထဲဒရွတ်တိုက်ဆွဲသလို
ဘဝမှာဒရွတ်တိုက်အဆွဲခံရသူချည့်ပဲ

ငါတို့ခေတ်ကဗျာဆရာတွေဆိုတာ
လက်ဖက်ရည်တခွက်ရှိရင်
တယောက်တဝက်သောက်
ထမင်းတပန်းကန်ရှိရင်
တယောက်တဝက်စား

mgyoe.com

mgyoe.com


ဆေးတလုံးရှိရင်
တယောက်တဝက်သောက်
ကဗျာကိုအတူတူသောက်ခဲ့ကြသူချည့်ပဲ

ငါတို့ခေတ်ကဗျာဆရာဆိုတာ
ပေပေကြမ်းကြမ်းဖြတ်သန်းခဲ့ရလို့
လူ့ဘဝသက်တမ်းမပြည့်ခဲ့ကြဘူး
လူ့သက်တမ်းပြည့်သူတွေကတော့
ရှားပါးသတ္တဝါတွေပဲ
ရှားပါးရတနာတွေပဲ

ငါတို့ခေတ်ကဗျာဆရာတွေဟာ
အားရပါးရ ရယ်ခဲ့ကြတယ်
အားရပါးရ ငိုခဲ့ကြတယ်
လေးလေးနက်နက်ကြေကွဲခဲ့ကြတယ်
လေးလေးနက်နက်နာကြည်းခဲ့ကြတယ်
ပိုကောင်းတဲ့လောကကို
လိုချင်ကြသူချည့်ပဲ
အလှခေတ်ဦးကိုမျှော်လင့်ကြသူချည့်ပဲ

အေး ...
ငါ ... ဒီကဗျာကို
နှလုံးသွေးနဲ့ရေးပါတယ်

**မောင်ကြူးရင့်**
**၈-၁-၂၀၁၈၊**

mgyoe.com

mgyoe.com


## ဗျူဟသဘဝရှိယာယ်

ကျားတကောင်၊ ... အသားရှောင်မတဲ့ တရားဆောင်မတဲ့၊
အများကြားအောင်ကြေညာရဲ့။
(ကမ္ဘာအစက သဘာဝတရား။ သာကေထားတာက
ကျားတကောင်အတွက် သားတထောင်ပျက်ရသတဲ့)

သားသမင်ကို မစားချင်တဲ့ကျား။ လေကို စားသတဲ့။
(အစွယ်ဖွေးဖွေးမှာ၊ ဟယ်...သွေးတွေဟဲ့... သွေးတွေဟဲ့)

စိတ်ပုတီးနဲ့ ရိပ်ကြီးခိုသတဲ့လား အိုဘယ့်ကျား။ လေးစားစရာကွဲ့။
(ဂူဝကခြေရာ၊ အဝင်သာရှိ အထွက်မရှိ
သတိမလစ်ကြစေနဲ့)

မဆွနဲ့ မစနဲ့
ဆွမှ စားတဲ့ကျား။ စမှ စားတဲ့ကျား။ တရားနဲ့ ကျားတဲ့။
(နင်မဟုတ် နင့်အဖေ...
ဆင်ခြေပေးမရ၊ ချောင်းစပ်က သိုးငယ်လေး
သေဘေးတွေ့ခဲ့ဖူးပါရဲ့)

ဆွဆွ မဆွဆွ၊ စစ မစစ
ကျားဆိုမှတော့၊ သားကောင်ကိုစားမှာပေါ့
ကျားကို သုတ်သင် ပစ်မလား။ ကျားစာ အဖြစ်ခံ.မလား
ခွဲခြား ပြတ်ပြတ်၊ သတ်မလား သေမလား
ဒီမှာ 'ကြား' မရှိဘူး။

ဇော်ဝင်းကို

mgyoe.com

mgyoe.com


# အနာဂတ်ရဲ့ ပြတ်လုံးများ

(၁)

နေမင်း-
အကျဉ်း စ ကျတဲ့ ဖြစ်စဉ်---
ကမ္ဘာကြီး
စ ပြီး လည်ပတ်တဲ့ ဖြစ်စဉ်---
ပြန်ဆင်ခြင်မိတယ်။

(၂)

ကော့ပါးနီးကပ်၊ ချမှတ်တဲ့ အမြင်သစ်
နေစကြဝဠာ စနစ်မှန်၊ လက်ခံသူ မှန်သမျှ
သာသနာ့ တရားခွင်မှာ၊ စီရင်ဆုံးဖြတ်
မီးရှို့ သတ်သတဲ့။

(နေကို တန့်ရပ်၊ ကမ္ဘာကို လည်ပတ်စေဖို့
အသက်ခံကြရ
ရိုင်းလှတဲ့အဖြစ်၊ သည်ခေတ်က ပြန်ကြည့်တော့
ရယ်မိတာတွေလဲ ရှိရဲ့)

(၃)

လူတစ်ယောက်အသက်၊ ဖျောက်ဖျက်ပစ်ရုံနဲ့
သူ့ရဲ့ ယုံကြည်ချက်၊ ခံယူချက်များ
ပျောက်သွားမယ် ထင်ခဲ့ကြ
မိုက်လှတဲ့ လူတစ်စု၊ အခုတော့ ရယ်စရာ။

(အမှန်တရား ဆိုတာ
ဓားနဲ့ထိုး ဓားကျိုး၊ လှံနဲ့ထိုး လှံကျိုး
မသေတဲ့ အမျိုးပဲ)

mgyoe.com

mgyoe.com


(၄)
"ကမ္ဘာဦးကျမ်း၊ မှတ်တမ်းရှိတာက
ထာဝရ ဘုရား၊ ဖန်ဆင်းထားခဲ့တာ
ကမ္ဘာဟာ ဗဟိုချက်"တဲ့
သက်သေဖြင့် မပြနိုင်၊ သမ္မာကျမ်း ကိုင်ပြီး
အခိုင်အမာ ငြင်းရှာတဲ့
'ကာဒီနယ် ဘယ်လာမင်း'
သင်းအဖြစ်ကလဲ ရယ်စရာ။
(အမှန်တရားဆိုတာ
စာအုပ်မှာရေးထားတဲ့၊ စကားလုံးတွေထဲမှာ
တွေ့နိုင်တာ မဟုတ်)

(၅)
ကာဒီနယ်က၊ ပြောသမျှ ထောက်ခံ
ပုဒ်မ ပါ မကျန်အောင်၊ မှန်ပါကြောင်း ဟုတ်ပါကြောင်း
အဆိပ်ပင် ရေလောင်းတဲ့၊ အားလုံးကောင်းသမား
'ပုတ်သင်' များကလဲ ရယ်စရာ။
(အမှန်တရားဆိုတာ
အာဏာပိုင်ဆိုသူက၊ ကန့်သတ်လို့ မရ တဲ့
ဒိဋ္ဌ ဓမ္မ တရားဖြစ်တယ်)

mgyoe.com

 mgyoe.com 

(၆)

'ကမ္ဘာ ဗဟိုပြု ဝါဒီ'၊ တိုလမီရဲ့ သင်ကြားချက်
ကျမ်းဂန်လာ ခံယူချက်၊ တွယ်ဖက်ထားခဲ့သူတွေ---
'နေဗဟိုပြု ဝါဒ သစ်'၊ ရုပ်သစ္စာ တရား
ကောပါးနီးကပ် အမြင်၊ ဆန့်ကျင်ခဲ့ကြသူတွေ---
(နောက်တစ်နည်းစဉ်းစားရင်း)
---တရားအမှန်ကို၊ ဓားလုံ နဲ့ တားခဲ့သူတွေ
---မဟာရုပ်တရားကို၊ စာအုပ်ကြား ညှပ်ထားချင်သူတွေ
---အသက်ကို မလှူရဲလို့၊ အယူ 'လွှဲ' ခဲ့ကြသူတွေ
သူတို့တွေ အားလုံးဟာ၊ နှစ်ဆယ်ရာစုအတွက်
ပြက်လုံးကောင်းများ ပမာ၊ ရယ်စရာ ပါပဲ။

(၇)

နောက်ရာစုနှစ်
ရယ်စရာအသစ်တွေ
နောက်တစ်ခေတ် လူများက၊ ပြောကြတဲ့ အခါ
ဘယ်သူတွေ ပါမလဲ၊ ရဲရဲ တွေးကြည့်
မြင်မိရဲ့
မြင်မိရဲ့ ---။

**ဇော်ဝင်းကို**

"မတ်လ အရိပ်" စုပေါင်းကဗျာစာအုပ်
မတ်လ၊ ၁၉၇၄။

mgyoe.com

mgyoe.com

## ဒုလ္လဘ

ကကြီး ရဲ့ အဓိပ္ပာယ်ကို
ဆယ်မျက်နှာဖွင့်ဆိုနိုင်သူ---

ထမင်းဆယ်နပ် မစားရပေမယ့်
သွားကြားထိုးမပျက်တဲ့သူ---

ခေါင်းပါး ဝတ်မွတ် နိမ့်ကျ၊ အနိမ့်ခံဘဝမှာတောင်
မာနကြီးနိုင်သူ---

ဒီညရဲ့ အမှောင်တွင်းမှာ
နက်ဖန်ရဲ့ အလင်းကို
သတင်းဖြန့်ချိနိုင်သူ---

ဇကရာဇ်မင်းကို
မြင်းပေါ်ကဆွဲချရဲသူ---

လက်မြှောက်ရတဲ့ ဘဝမှာတောင်
တက်ခေါက်ပြနိုင်တဲ့သူ--

အဲဒီလိုလူသာ
ကဗျာဆရာဖြစ်နိုင်တယ်။

ဇော်ဝင်းကို

mgyoe.com

mgyoe.com


# လှိုင်သာယာ ညနေခင်း

ကဗျာဆရာ မင်းလူညွန့်ကြူးက
ဒီနေ့ခေတ်ဟာ ကျေးလက်ခေတ်မဟုတ်
မြို့ပြခေတ်တဲ့
ဒါကြောင့်ထင်ရဲ့
ရန်ကုန်မြို့ပြဟာ
အားကောင်းမောင်းသန်ရေစီးအားသန်တဲ့
လှိုင်မြစ်ကြီးကို တံတားလုပ် ဂုတ်ခွစီးလို့
ချွေးနံ့ လူနံ့ အရက်နံ့တွေဟာ
ဘတ်စ်ကားပေါ်ကပြုံ့ဆင်း
လှိုင်သာယာ ညနေခင်းနဲ့အတူ
လှိုင်မြစ်ထဲ ခြေကားရားလက်ကားရားမျောပါသွား
ငါတို့ရဲ့ တနေ့စာ အမွေတွေ
ငါတို့ရဲ့ တနေ့စာ အပြုံးတွေ
ငါတို့ရဲ့ တနေ့စာ အမုန်းတွေ
ဝါးကူလို့ ဘယ်သူထိုးနစ်ပေးမလဲ
ဝါးကူလို့ ဘယ်သူထိုးကယ်ပေးမလဲ
အလုပ်လက်မဲ့အိမ်ခြေယာခြေ အခြေမဲ့
အရက်ချက်စက်ရုံ အထည်ချုပ်စက်ရုံတွေပေါ်က
ဖိုလိုက်ဖိုလိုက် အသက်ရှူသံတွေ
ရှုပ်ထွေးထွေပြား နားလည်ရခက်ခဲ
လူမှုဆက်ဆံရေး ဘာသာဗေဒတွေ
အသာစီးကနေချင်တဲ့ နိယာမ လေညင်းတွေ

mgyoe.com

mgyoe.com


ဘတ်စ်ကားတွေ တစီးပြီး တစီး
ခေတ်တွေ တစီးပြီး တစီး
နင်းကြိတ်သွားတာ ခံနေရ
အနည်းဆုံး တနေ့လုပ်ခ
အိမ်ပြန်ရောက်မှ ထမင်းအိုးတည်ရတဲ့နေ့စဉ်ဒုက္ခ
မီးခိုးငွေ့က စောင့်မျှော်
မိသားစုက စောင့်မျှော်
မီးခွက်ဈေးက စောင့်မျှော်
စောင့်မျှော်မှုလောကစံနဲ့ တနပ်စာရောင့်ရဲ
အမှောင်ထဲမှာ ကျင့်သားရနေ
တန်ဖိုးနည်း လုံးချင်း အိမ်ရာနံဘေးက
တန်ဖိုးနည်း လုံးချင်း တကယ့်ဘဝတွေ
ပြောင်ပြောင်ရောင်ရောင် လူယောင်ဆောင်လို့
လူလိုသူလိုမှ ဟုတ်ပါလေစ
အရေးထဲမှာ
ကလေးတွေကဆူ ခွေးတွေကအူ
ငရဲပေါ်ငရဲ အဖီဆင့်လို့
အလိုက်သင့်နေရတဲ့
မြို့ပြပုံရိပ်ဟာ
အရိပ်တောင် မထွက်နိုင်တဲ့ ဘီလူးတကောင်
ဝင်စားတာနေမှာပေါ့။ ။

မောင်သစ်ကြည်
၁၃-၃-၂၀၁၇၊
လှိုင်သာယာမြို့သစ်မှာ နေခဲ့ရသော
နေ့ရက်များကို ပြန်လည်ခံစားရေးဖွဲ့ပါတယ်၊

mgyoe.com

# တွန်သက်ချူရယ်ကဗျာ

အခု မတ်လဟာ တကယ့်ကိုစိတ်ပျက်စရာ
ငိုက်မျဉ်းနေတဲ့ မတ်လပေါ့
နွေရာသီ ပီသ ပူပြနေပြီလေ
စပ်ပူစပ်လောင် လေပြည်ထဲမှာ အဝါရင့်ရောင်
ကုက္ကိုရွက်တွေ လေ့ပြိုင်ပွဲကျင်းပနေကြရဲ့
မိုးလေဝသသတင်း ပျဉ်းမနားမှာ နေသာမယ်တဲ့
လက်တွေ့ဘဝက အတွေးအခေါ်ကို ဆုံးဖြတ်ပေးတယ်
အတွေးအခေါ်ကတော့ လက်တွေ့ဘဝကို
အဆုံးအဖြတ် မပေးနိုင်ဘူး
မနက်ခင်းဟာ ဘက်ထရီအားအပြည့်အဝ
လန်းဆန်းမှုစွမ်းအင်ဟာ အခု နွေနေ့လယ်ခင်းမှာ
အားကျသွားပြီ
ဘုရားပန်းတွေ ညှိုးနွမ်းလွယ်လိုက်တာ
သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဟာ
ဖုန်မှုန့်တွေလို နေရောင်က တိတ်တဆိတ်ဖြာကျနေတော့
သူတို့ရဲ့ ငြီးငွေ့မှုကို စီးကရက်လိုကောက်ဖွာလိုက်ပေါ့
ကမ္ဘာကဗျာနေ့ဖြစ်တဲ့ မတ်လ(၂၁)ရက်နေ့
မိုးကျော်သူရဲ့ 'အသဲတခြမ်းရဲ့လိပ်စာ'
အလယ်ရိုးမ ဆုရကဗျာကို
ရှမ်းကန်ကနေ ကိုအော်ဒီနိုပ်ရိုက်ထည့်လိုက်မယ်
ငါးကန်ထဲကတစ်ဆင့် လှမ်းမြင်ရအောင်လို့
နွေဦးကောင်းကင်တခုလုံး
အဖြူရောင် ပျံလွှားငှက်တွေ ပျံသန်းသွားတာ
တိမ်ဂွမ်းစိုင်တွေခမျာ ငေးငိုင်သွားရပေါ့

mgyoe.com

mgyoe.com


နေရောင်မှာ လွင့်ပျံနေတဲ့ စီးကရက်မီးခိုးတွေကို
ဖုန်မှုန့်တွေက စက္ကန့်သုံးဆယ်လောက်ရပ်ပြီး
ငေးမောကြည့်နေရဲ့
သူတို့ရဲ့ ခန္ဓာကိုယ်ထဲက
မော်လီကြူးတွေဟာ မိတ်ဖုပေါက်လို့
မတ်လဟာ
ရယ်ဒီမိတ် ဆန်းဒေးကော်ဖီမစ်နဲ့
မားမားခေါက်ဆွဲပြုတ်ကို နံနက်စာစားရင်း
ရယ်ဒီမိတ်အနုပညာဖြစ်တဲ့
ကွန်ဆက်ချူရယ်ကဗျာကို
ကောက်ရပစ္စည်းတွေနဲ့
၂၁ ရာစု ဖန်တီးမှုမဲ့အနုပညာအဖြစ်
ဒီကဗျာကို တည်ဆောက်ပြုလုပ်လိုက်ပြီပေါ့။ ။

**မောင်သစ်ကြည်**

**၁၀-၃-၂၀၁၈၊**

mgyoe.com

mgyoe.com


## ဝပ်ကြားအက်ထဲက လေချွန်သံ

အဲဒါ အလဟဿ ကုန်ဆုံးသွားတဲ့
အမျိုးကောင်းသားတို့ရဲ့ အဖိုးတန်တဲ့
နုပျိုချိန်တွေ ဖြစ်လိမ့်မယ် အခု ကိုယ်တို့ကို အမဲဖျက်နေတဲ့
ခေတ်ကြီးက ရှုပ်ထွေးလှတဲ့ ခေတ်ပေါ်ကဗျာတပုဒ်ကို
ဖတ်ပြနေတယ် မနက်ခင်းဟာ ခရမ်းလွန်တောင်ပံတွေနဲ့
ငှက်တကောင်လို ပျံသန်းပါတယ် နေမဝင်အင်ပါယာထဲမှာ
ဘယ်လိုမှ အလျော့အတင်းလုပ်လို့မရတဲ့
ဂစ်တာတလက်ရှိတယ်
ဘယ်လိုမှ စေ့စပ်ညှိနှိုင်းလို့မရတဲ့
စားပွဲဝိုင်းတလုံးရှိတယ်
ပြင်းထန်တဲ့အာရုံခံစားမှု မရှိရင် ဘယ်တော့မှအနုပညာရှင်
ဖြစ်မလာနိုင်ပါ
ကျူဗစ်ဇင်ကြမ်းခင်းတွေ ပြောင်လက်နေတယ်
ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတဲ့ မာယာကော့စကီးမှာ
နောက်ဆုံးအစက်များရှိတယ် အဲဒီအစက်တွေ ဖန်ခွက်နဲ့
မဆံ့တော့ ဖိတ်လျှံကျကုန်ပေါ့

mgyoe.com

mgyoe.com


စိတ်ညစ်ရှုပ်ထွေးနေတဲ့ လူ့အဖွဲ့အစည်းက သူ့ကို လုပ်ကြံ
သတ်ဖြတ်လိုက်တာပါ အဲဒီလူသားမှာ ခုခံဖို့ ဖိနပ်မရှိ
အော်မြည်ဖို့ လျှာခင်မရှိ ရှူသွင်းဖို့ အောက်ဆီဂျင်မရှိ
အခြားဘာဆိုဘာမျှ မရှိ ဓားသွေးကျောက်ပေါ် လွင့်စဉ်
ကျသောမီးပွားများ အဲသလောက်ကဗျာကို သွေးအေးအေးနဲ့
သွေးဖူးသလား
ခွေးကျိုးနဲ့ ယုန်လိုက်သူတွေဟာ အသံမြည်တာပဲ
အဖတ်တင်ကျန်ရစ်ခဲ့
သစ္စာဖောက်တွေ အမူးလွန်နေပြီ
သတ္တိတွေ အမူးလွန်နေပြီ
မျှော်လင့်ချက်တွေ အမူးလွန်နေပြီ
အဲဒါလည်း အမျိုးအမည်မသိတဲ့
ပပ်ကြားအက်ထဲက လေချွန်သံပေါ့။ ။

မောင်သစ်ကြည်
၉-၃-၂၀၁၉။

mgyoe.com

mgyoe.com


## ကျောင်းတက်ခွင့်

အုတ်ခဲပုံနဘေးကနေ
ကျောင်းကားကြီး ဖြတ်မောင်းသွားတယ်။
ရွယ်တူကျောင်းသားလေးတွေရဲ့ ‘ဟေး’ကနဲအော်သံ
ပါသွားပေါ့။
သည်အုတ်တံတိုင်းပြီးရင်
ဘိလပ်မြေသရိုးသယ်ကောင်မလေး ကျောင်းတော်ကြီးနား
မသီနိုင်တော့ပါ။ ။

မိုးကျော်အောင်
၅-၉-၂၀၁၈။

mgyoe.com

mgyoe.com


## တို့ဏ္ဍုသို့

ဆိုင်ကယ်မြည်သံကြား
နှစ်သုံးရာက ဗသျှူးဆီ
ဆောင်းယွန်း ညနေပ။

မိုးကျော်အောင်
၆-၂-၂၀၁၈။

mgyoe.com

mgyoe.com

## အမှတ်ပြစ်

အမေ့ကို မြေချလိုက်တော့
ကဗျာဆရာလေးမငိုပါ။
အမေ့ပုံတူရေးနိုင်ဖို့
မျက်ရည်တွေ စုနေရော့သလား။ ။

မိုးကျော်အောင်
(ကဗျာဆရာလေး ဟုံသာဝုံ သို့)
၃၁-၇-၂၀၁၈။

mgyoe.com

mgyoe.com


# ပြန်လျော့ရမယ့် အသံများ

**ဆိုက်(ဒ်) အေ**
ဖန်ခွက်ချင်း ထိသံ...
အရက်ငှဲ့သံ.....
ရယ်သံ...
သီချင်းဆိုသံ....
လက်ခုပ်သံ(ပန်းကုံး စွပ်အပြီး)
တီးတိုးသံ(နား နားကပ်လျှက်)
ငွေများရေတွက်သံ.....
စကားလုံးများ လွတ်ကျသံ...
**ဆိုက်(ဒ်) ဘီ**
ဒေါက်...ဒေါက်...ဒေါက်...ဒေါက်...
ကျွီ.....
ဂျိမ်း.....
ဝူး.....(ကားဘီးများ ပွတ်ဆွဲသံ...)
သွေးဆောင်သံ...
ဆူး...စူးသံ...
ငိုရှိုက်သံ.....
ပတ်ကြမ်းတိုက်သံ...
ချော့မြူသံ...
ငွေများ ရေတွက်သံ
မအီသံထဲက အီသံ
အီသံထဲက မအီသံ
ပြီးမှ...
ခေတ်ရဲ့ ငိုက်မျဉ်းသမ်းဝေသံ...

လိုင်းထက်

mgyoe.com

mgyoe.com


# တနေ့ …ခရီး

ကနေ့ ကစားကွက်က ကတောက်ကဆတ်ဖြစ်ပြီး ကတိမတည်ဘူး
ခရီးက ခရီးမတွင်ဘူး ခရီးထောင့်တယ်
ဂရင်းနစ်စံတော်ချိန်က ဂိတ်မိနေပြီ
ဃနာ နို့ဆွမ်းကို "ဃောသ"အသံနဲ့ ဘယ်နေရာမှာ ဖိရွတ်ရမှာလဲ
ငရဲသားတွေ ချဲမထိုးရလို့ ငရဲမင်းကြီးက ငရဲအိုးမှာ ကြော်ငြာကပ်တယ်
စကား…စကား…စကားနှစ်ခွ မပြောနဲ့
ဆရာက ဆရာစား မချွန်ပါနဲ့ ဆလံပါပဲ
ဇရာထောင်းတော့ ဇဝေဇဝါ ဖြစ်မယ်…ဇာချဲ့မယ်
ဈေးက ဈေးပါးစပ်ပဲ ဈေးမချိုပါဘူး
ည ရေးချ ညာ တာလား ညီတူညီမျှပေါ့
ဋီကာမချဲ့နဲ့ ခွေးဋီကာကို ဖတ်ပြီးပြီလား
ဌာနေကိုချစ်ရမယ် ကိုယ့်ဌာနေကို ကိုယ်ကာကွယ်ရမယ်
၃- ဏ တွေက ကဗျာစပ်လို့မကောင်းဘူး
တကထဲ တကူးတက တကောက်ကောက်လိုက်နေရတာ(အဲဒါကို)
ထိကိုထိအောင်ထိုး….. ပြီးမှ ထမင်းခြောက်စား
ဒါကဒီလိုပါ ဒါပေမယ့် ဒါတွေက ဒုနဲ့ဒေးပါ
ဓနရှင်က ဓနိမိုးနဲ့နေပြီး ဓားကဗျာရေးမယ်တဲ့
နဖူးရေဒူးရေကိုက နဂါးလို လိမ်ညှစ်မယ့်ပုံ
ပလတ်ဖြုတ်လိုက် ပခုံးပြောင်းလိုက်

mgyoe.com

mgyoe.com


ဖားလို့ ဖိလို့ ဖူးလို့ (ဖာရင်ဟိုက် ဘယ်လောက်ရှိပြီလဲ)
ဗလိနတ်စာတင်၊ဗေဒင်တွက်၊ဗလာပွဲကြည့်ကြတယ်
ဘာ…ဘရိတ်မမိတော့ဘူး…ဟုတ်လား
မတော်လို့တဲ့ မထိတထိနဲ့
ယခုလ ယတြာက ယေရှုကို ယောလုံချည် ပသလိုက်
ရှူး…ရစရာရှိတာရအောင်ယူရမယ်
လငပုပ်ဖမ်းတုန်းပဲလား၊လိုရင်းကိုပြောပါ
ဝါးတာက ဝသီပါနေလို့ပါ တဝါးဝါးသမ်းလို့
သတိ…ခင်ဗျားသတင်းကြီးနေပြီ
ဟာ…ဟာသပဲ…ဟီးလေးမခိုနဲ့လေ လေးနေပြီ
အနိစ္စ…အနိစ္စ…အဝီစိကိုမကြောက်ဘူးလား…အ-အ ရဲ့။ ။

လှိုင်းထက်

mgyoe.com

## နှံ့

ကံစူးသူနဲ့ ကံထူးသူ
စကားအဆိပ်နဲ့နားအသစ်
သံသရာ ကို ထုတ်လုပ်တဲ့ အာရုံငါးပါး အညစ်အကြေးနှင့်
ရေ ခဏခဏ ချိုးရတဲ့ သမာဓိ
သွေးဟာရေထက် ပျစ်တယ်ဆိုတဲ့ သက်လုံ အစုအဝေးနဲ့
ဒေဝဒတ်ခြင်ဆီ
ကမ္ဘာလုံးတယ်ဆိုတဲ့ ကောပါးနီးကပ်နဲ့
ကမ္ဘာပြားတယ်ဆိုတဲ့ အရင်က ဆိုးဖစ်ဂုရုကြီးတွေ
အချိန်ကို လူကဖြုန်းတယ်ဆိုတဲ့ တန်ဖိုးနဲ့
အချိန်က လူကိုဖြုန်းတယ်ဆိုတဲ့ တန်ဖိုး
ပဋ္ဌာစာရီရှာနေတဲ့ မုန်ညင်းဆီနဲ့ နိဗ္ဗာဓ*သစ္စာ
တန်ဖိုးရှိတော့မယ် ‘သုည’နဲ့
တန်ဖိုးမရှိတဲ့ ‘သုည’
ဖွက်ထားတဲ့ ဂီတနဲ့စိတ်အလျင်တန်ဖိုးလျှောလျှာထားချက်
လူမိခံဖို့ခက်တဲ့ ရိုးသားမှုနဲ့

---

*နိဗ္ဗာဓ

mgyoe.com

mgyoe.com


လူမိမခံရတဲ့ မရိုးသားမှု
ပြန်မဆပ်နိုင်တဲ့ ပျော်ရွှင်မှု နေ့ပြန်တိုးနဲ့
တင်းပြည့် ကျပ်ပြည့် သောကအရင်းအနှီး
ကိုယ်ပုံ ကိုယ်ပြန်ရေးတဲ့ ခဲတံနဲ့
ကိုယ်ပုံ ကိုယ်ပြန်ဖျက်တဲ့ ခဲဖျက်
ရုဒ္ဒအနမ်းနဲ့ ချစ်သူအနမ်း
ရှိ၍မရှိသူ နဲ့ မရှိ၍ရှိသူ
တစ်ခါအလိမ်ခံခဲ့ရတဲ့ 'သူများအပြစ်'နဲ့
နှစ်ခါအလိမ်ခံလိုက်ရတဲ့ 'ကိုယ့်အပြစ်တွေပါလေ...။ ။

လှိုင်းထက်

mgyoe.com

# ငြိမ်းချမ်းရေး

သူကိုယ်တိုင်က
စစ်ဘေးရှောင် ဒုက္ခသည်။

တောက်လောင်နေတဲ့
မီးအားလုံးကိုငြိမ်းသတ်ဖို့
ပြည်ဝင်ခွင့်မရတဲ့
ကရုဏာရှင်။

ကိုယ်ကျိုးရှာသမားတို့ရဲ့
ကတိစကားရေတိမ်ထဲ
အကြိမ်ကြိမ်ဆွဲနှစ်ခံရသူ။

နာမည်ဆိုးနဲ့စီးဆင်းတဲ့
သွေးမြစ်ကြီးကို ရပ်တန့်ဖို့
အစရှာနေတဲ့ နတ်ဒေဝတာ။

သူ့လမ်း
ဆူးပြောင့်အပြည့်
ခြုံခိုတိုက်ခိုက်သူတွေနဲ့
ထောင်ထားတဲ့ မိုင်းကွင်းတွေနဲ့
နှစ် ခုနစ်ဆယ်နီးပါး
သူ့ကို
ကြိုဆိုခဲ့ကြပုံ။ ။

ဝင်းမင်းခိုင်

Moemaka Media၊
၂၄ ရက်၊ မေ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# သပိုင်းနဲ့မြစ်

မိုးဦးလေဦး
မြစ်ဖျားချောင်းဖျားမှာ
ဒိုက်တွေ အမှိုက်တွေ
မျောပါခဲ့။

ကျောက်ဆောင်တွေ
သစ်တောတွေ
လွင်ပြင်တွေ
စိုက်ခင်းတွေကို ဖြတ်စီးရင်း။

မြစ်ဟာ
သူ့ရဲ့ လှိုင်းတွေနဲ့
သူ့ပခုံးပေါ်က ဒိုက်တွေ
သူ့ခေါင်းပေါ်က အမှိုက်တွေကို
ကမ်းပေါ်ပစ်တင် ရှင်းထုတ်ခဲ့။

မြစ်တစ်စင်းလိုပါပဲ
ကျနော်တို့ရဲ့ သမိုင်းဟာ
တကိုယ်ရေသန့်ရှင်းရေးကို
သူကိုယ်တိုင်လုပ်ပြီး
ခရီးရှည်ချီတက်ပွဲကို
ဆက်လက် ဆင်နွှဲနေတော့တယ်။ ။

ဝင်းမင်းနိုင်

ရှပ်ရှင်တေးကဗျာမဂ္ဂဇင်း၊
အတွဲ ၃၁၊ အမှတ် ၃၊ မတ်လ၊ ၂၀၁၅။

mgyoe.com